# တေဇ ရုပ်စုံ





# တောင်ရိုးဆွေ

တောင်တက် တောင်ဆင်း
တို့မပျင်း
အာလူးစိုက်ခင်း လေ့လာရင်း။

တောင်ဆင်း တောင်တက်
ဘယ်မခက်
ရထားသံလမ်း ဖွေ့ကာဆက်။

ဂျုတ်ဂျက်.....ဂျုတ်ဂျက်
သံသာသာ
တောင်ရိုးဖော်သို့ ဆန်တက်လာ။

လိုက်ပါ ဆွေချင်း
ဖော်တသင်း
မြေပြန့်ဆီသို့ ပြန်ကာဆင်း။

ယဉ်ကျေးမှုခြင်း
တူနှံ့ပြန့်ကာ
ချစ်ခင်ပေါင်းသင်း ဆက်ဆံလာ။

တောင်ရိုးဆီမှာ သာစေရေး
မြေပြန့်ဆီမှာ သာစေရေး
စုညီတွက်ကာ ဖြစ်စို့ရေး။


# သုဝဏ္ဏသာမ ဇာတ်တော်ကြီး

၁


● ပန်းချီ-ဦးဘကြည်





ရှေးအခါက ဟိမဝန္တာတောတွင်းရှိ ကျောင်းသင်္ခမ်းတခုတွင် ရသေ့တပါး နှင့် ရသေ့မ တပါး သည် သစ်သီး သစ်ဥ များ ကိုသာ စား သောက်လျက် တရား အားထုတ် နေကြ၏။



တချိန်သော် သိကြားမင်း တိုက်တွန်းချက် အရ သားယောကျ်ားကလေး တယောက် မွေးဖွားလာ၏။ သူ့ကို သုဝဏ္ဏသာမ ဟု အမည် ခေါ်တွင်စေသည်။



သားကလေး ငယ်ရွယ်စဉ်က ရသေ့များ သစ်သီးရှာ ထွက်နေသော အချိန်များတွင် ကိန္နရီများ လာရောက် နို့တိုက်၍ ထိန်းပေးကြ၏။




အနည်းငယ်ကြီးလာသောအခါ တောသတ္တဝါကလေးများနှင့် အဖေါ်လုပ်ကာ ကစားလျက် ကျောင်းသခ်မ်းတွင် သန့်ရှင်းရေးများ လုပ်၍ နေလေ့ရှိ၏။
တနေ့တွင် အချိန်လွန်သည့်တိုင်အောင် ကျောင်းသခ်မ်းသို့ ရသေ့များ ပြန်မလာသဖြင့် အရွယ်ရောက်ပြီဖြစ်သော သုဝဏ္ဏသာမသည် စိတ်ပူလာသောကြောင့်
ဒီနေ့မိုးကြီးလဲ အတော်သဲသဲမဲမဲ ရွာတယ်။ လေကြီးလဲ အတော်ပြင်းပြင်းထန်ထန်တိုက်ခတ်တယ်။ မိုးလဲချုပ်ပြီ။ အခု မိုးစဲသွားတော့လဲ - အဖေနဲ့အမေလဲ ပြန်မလာသေးဘူး။ ဘာဖြစ်လို့ပါလိမ့် -------
တောထဲသို့ အရဲစွန့်ကာ လိုက်ရှာရင်း အော်ဟစ်ခေါ်လေ၏။ တနေရာသို့ရောက်လျှင်
အမေ
အဖေ
အမေ
အဖေ
သားရေ--လူကလေး--
ငါတို့ ဒီသစ်ပင်ကြီးအောက်မှာဟေ့။ သားလေးမလာနဲ့-
ဒီမှာ အန္တရာယ် ရှိတယ်ကွဲ၊ မြွေကြီးရှေရှေသာ ခပ်လှမ်းလှမ်းက-ပစ်ပေး။ ကြားလား။ အမြင့်ဆုံး သစ်ပင်ကြီး နော်။ တွေ့လား
ဟုတ်ကဲ့
ထိုကြောင့် ပါလာသော ဓါးမတိုဖြင့် လက်လှမ်းမှီရာ နွယ်ကြိုးများကို ခုတ်ဖြတ်လျက် တခုနှင့်တခု ဆက်ချည်ပြီးနောက် သစ်ပင်ကြီးသို့ရောက်အောင် ပစ်ပေးလိုက်လေသည်။
ကြိုးပစ်ပေးလိုက်ပြီ၊ ရောက်လား
ရပြီ - ရပြီ - ဟိုမှာဘဲနေ လူကလေး


သားအနီးသို့ ရောက်မှ မျက်စိကွယ်သွားပြီ ဖြစ်ကြောင်း ပြောဆို၍ ငိုကြကုန်၏။
အမယ်လေး - သားရဲ့ အမေတို့တော့ မျက်စိ ကန်းကုန်ပါပြီကော့ကွဲ - - - - - - - - - သစ်သီးရှာ ရင်း - လေ ပြီး မိုးကြီးကျတော့ - သစ်ပင် အောက်မှာ မိုးဝင်ခိုတယ်ကွဲ၊ တောင်ပို့ လေးတွေလို ထိုင်ကြတယ် - တောင်ပို့ ထဲက - မြွေ ဆိုး၊ အခိုးလွှတ်တာ နဲ့ - အဆိပ်ငွေ့ သင့်ပြီး မျက်စိကွယ်ကုန် ပြီကွဲ
ထိုအခါ သုဝဏ္ဏသာမ သည် အားပေးစကား ပြောရင်း ကျောင်းသင်္ခမ်းသို့ လက်တွဲကာ ခေါ်ဆောင်သွားလေသည်။
အဖေ နဲ့ အမေ - ဘာမှ - အားမငယ်ပါနဲ့၊ သားပြုစုပါ့မယ်။ သား - အရွယ်ရောက် ပြီဘဲ၊ သစ်သီး - သစ်ဥ - သစ်ဖုတွေ ရှာကျွေးပါ့မယ်။ သောက်ရေ - သုံးရေ - ချိုးရေ - သယ်ပေး ပါ့မယ်။ သား က မိဘကို လုပ်ကျွေး ဖို့ - အခွင့်ရအောင် ကံတရားက စီမံတယ်လို့ ယူဆပါ - - - - ကဲ . . ကျောင်းသင်္ခမ်း ရောက်ပြီ -
ကျောင်းသင်္ခမ်းသို့ ပြန်ရောက်လျှင် သုဝဏ္ဏသာမ သည် မိဘများ တနေရာမှ တနေရာ သို့ သွားရလွယ်ကူစေရန် ကြိုးတန်းပေးခြင်း၊ သောက်ရေ နှင့် သစ်သီးများ အနား၌ ချပေးခြင်း စသည်တို့ကို ဆောင်ရွက် လေတော့သည်။
ဒါက - အမေ ကိုင်သွားဖို့ တောင်ဝှေး - ဒီကြိုးတန်း ကို - ကိုင် သွားယင် အိမ်သာ ရောက် မယ် . . . . - - - - - - - - - - -
သာဓု သာဓု
နောက်တနေ့မှစ၍ ကျောင်းသင်္ခမ်းတွင် သန့်ရှင်းရေး လုပ်ကာ မိဘတို့အတွက် လိုရာ ကိစ္စများ ပြုလုပ်ပြီးလျှင် အဖော် များကို ခေါ်၍ တောထဲသို့ သစ်သီးရှာ ထွက်သွားလေ့ ရှိ၏။
မျောက်လေးတို့ရယ် - မင်းတို့ - ကိုင်းညွှတ် ပေးကြလို့ -



သုဝဏ္ဏသာမသည် နေ့စဉ်နေ့တိုင်း ရေခပ်ထွက်သောအခါ အပေါင်းဖြစ်သော သမင်များကလည်း ရိုင်းဝန်းကူညီကြလေသည်။
ညနေဘက်၌ သမင်ခြေရာများ အလွန်ပေါသော မြစ်ကမ်းစပ်တွင် ပစ်ရန်ချောင်းနေစဉ် သုဝဏ္ဏသာမသည် သမင်များနှင့်အတူ ရေခပ်ဆင်းလာသည်ကို တွေ့လေသော်
ဟင့်အင်... ဒီတောနက်ကြီးထဲမှာ - သမင်တွေနဲ့လာတာ - လူတော့ မဟုတ်တန်ဘူး။ နတ်လား၊ နဂါးလား၊ ဘာလဲ တရုရုဘဲဖြစ်ရမယ်၊ မေးနေရင် - ကိုယ်ရောင်ပျောက်သွားမလား၊ မသိ။ သေချာအောင် မြှားနဲ့ပစ်မှ ပါဘဲ...
ကျွဲသို့တွေးပြီး မြှားဖြင့်ပစ်လိုက်လေတော့၏
တနေ့သောအခါ သမင်သားကို အလွန်နှစ်သက်သော ပီဠိယက္ခ မင်းကြီးသည် မယ်တော်ကို ခေတ္တနှုတ်ဆက်ကာ သမင်များကို လိုက်လံပစ်ခတ် စားသောက်ရင်း ရသေ့များ၏ ကျောင်းသင်္ခမ်းနားသို့ရောက်လာ၏
သုဝဏ္ဏသာမသည် မြှားထိသဖြင့် ခွေကျသွားပြီး အော်ဟစ်ညည်းတွားမိလေသည်။
အလို.. .......
ငါ့ကို ဘယ်သူများ ပစ်ပါလိမ့်.......
ငါ့မှာ ရန်သူလဲ မရှိ
ပါဘူး....
ကျွတ်
သမင်တို့သည်လည်း ကြောက်လန့်၍ ထွက်ပြေးကြကုန်၏၊
ဆက်ရန်


အာဘွား ပါ မပေးခမ်းနဲ့ မလကြီးကွာ၊ အလေးမတာလဲ အလေ့အကျင့်ရှိမှ ဖြစ်တာကွ မလကြီး တာနဲ့မဆိုင်ဘူး၊
ဟုတ်ပါ့-မလကြီးကွ- မလကြီးကွ-
အား-အီး.....
အာမယ် လေး သေပါ ပြီဟ-
ဟား-ဟား-ဟား-
ဟား-

# မလိမ္မာသော မိတ်ဆွေများ



တနေ့သောခါ မြက်ခင်းမှာ
ဒရယ်တကောင် လဲလျောင်းရှာ
သူ့ခမျာ နာမကျန်း
ပျားလို့နာလို့ သူညည်းညူ။

ထိုရောအခါ မိတ်သဟာ
ဒရယ်ဖော်များ ရောက်ရှိလာ
သူနာမေးလို့ စကားပြော
ရယ်ကြမောကြ တသောသော။

မိတ်ဆွေများမှာ မလိမ္မာ
အကူအညီ မပေးပါ
သို့ပါသော် ပျော်တပါး
မြက်ခင်းထဲမှ မြက်ကိုစား။

စားလို့ပျော်လို့ ဝသောခါ
သူတို့ ပြန်သွားရာ
မြက်ခင်းမှာ ငုံးတိတိ
အစာဟူ၍ ဘာမရှိ။



ရက်တွေညောင်းလို့ အတန်ကြာ
များသောဒရယ် နေကောင်းလာ
အစားအစာ စားလိုလှ
နာလှန်ထမို့ သူတောင့်တ။

ထိုရောအခါ အနီးမှာ
အစာမြက်များ မရှိပါ
အရပ်ဝေးကြွာ သွားနိုင်မှ
အစာ ရမည်ပါ။
သနားစရာ ဒရယ်မှာ

နာလှန်ထမို့ အားနည်းရှာ
သွားလာဘို့ရာ သူမစွမ်း
မောဟိုက်ပါလို့ ခွေယိုင်နွမ်း။

ဒရယ်လေးမှာ ထိုအခါ
အစာငတ်လို့ သေရရှာ
မလိမ္မာတဲ့ မိတ်ဆွေများ
သူတို့ကြောင့်ပင် သေရတကား။

မင်းယုဝေ


ပုံပြင်တကော
ပုံပြင်
အလွန်လှချင်သောကျီးတကောင်သည်- ဒေါင်းတောင်များတပ်ကာ- ဒေါင်းဟန် ဆောင်သောကြောင့် ဒေါင်းများဝိုင်း၍ ထိုးဆိတ်ခြင်းခံရရာ- ဒေါင်းတောင်များ သာမကကျီးတောင်များပါကျွတ်ကုန်၏။
ကျီးပုံပြင်ထဲမှကျီးအား- ကျီးမ ကလေးသည်ဝေဖန်လျက်ရှိသည်။
ဒီကျီးဟာ လှချင်ပေမယ့် မပါးနပ်ဘူး
ငါသူ့ထက် လှရမယ်
ထို့ကြောင့် သူသည်ထိုကျီးထက်သာအောင် ကြံစည်စိတ်ကူးလေသည်။
မကြာမီသူသည် ဒေါင်း- ဇာယကော် ငန်း- စသော ငှက်တို့၏အတောင် များကိုတပ်ဆင်လျက်ကြွားဝါလေ တော့သည်-


ချက်ခြင်းပင်ထိုငှက်များကကျီး၏
အမွေးအတောင်အတုများကို-
အမျိုးမစစ်တဲ့-ငှက်ကြား-သွားသွား..
ဖိုင်း။ရှုထိုးဆိတ်
ပေါက်နှုတ်ပစ်ကြရာ
ကြာရင်..ငါ့ရဲ့
ကျီးတောင်တွေပါ-
အနုတ်ခံရတော့မယ်
အမြန်ပြေးမှဘဲ..
ရန်သူဟော့-ရန်သူ..
ဆိုးကြ
ဆိတ်ကြ
ကျီးမလည်းသူ့ကျီးတောင်များ-အနုတ်မခံ
ရမီ-ပါးနပ်စွာ-ထွက်ပြေးကာ-ကျီးများအား
အကူအညီတောင်းလေသည်။
ဟယ်! ကိုယ့်အမျိုးထက်
သူများကိုအထင်ကြီးတဲ့
သစ္စာဖေါက်-သွားဟ!
သို့သော်-သူ့အကြောင်းကို-သိသော
ကျီးများကားသူ့ကိုလက်မခံဘဲ-သူ၏အမွေး-
အတောင်များကိုနုတ်ပစ်ကြလေသတည်း။

# တေဇ ကဗျာ



## ဒို့ပြည်ထောင်စုနေ့

မြောက်လေညင်းသုန် ငွေနှင်းမှုန်
ရှမ်းပြည် မြူပင်လုံ။
သွေးချင်းဆုံကာ သားချင်းတွေ
သစ္စာ မိဋ္ဌာန်၍။

နယ်ချဲ့ရှေ့မှာ ·ညီညွတ်လာ
သွေးခွဲ မရပါ။
တောင်ပြာတန်းနဲ့ မြေပြန့်လမ်း
စုစည်း တစိတ်ဝမ်း။

လွတ်လပ်ပန်းကို လှမ်းဆွတ်ယူ
သမိုင်း မှတ်တိုင်ထူ။
ပြည်သူဆုံတွေ့ ချစ်ကြည်မွေ့
ဒို့ပြည်ထောင်စုနေ့။

ပန်းတနော် - မောင်စစ်ကြည်



## ပြည်ထောင်စုနေ့

နှင်းမှုန်လွှမ်းတဲ့ မောရှမ်းပြည်
ပင်လုံ သက်သေတည်။

သွေးစည်းချစ်ကြည် ဒို့ပြည်သား
လက်တွဲ ခိုင်ခိုင်ထား။

တိုင်းရင်းသားတွေ စုံစုံလင်
စည်းလုံးအားနဲ့ပင်။

ထာဝစဉ် ဘယ်မမေ့
ဒို့ပြည်ထောင်စုနေ့။ ။

တက္ကသိုလ် - ဆန်းတင့်နိုင်

## မခွဲမခြား

ကာယနဲ့ ဉာဏ
ပူးပေါင်းကြအစဉ်လို။

ပေါင်းစုကာ ညီညွတ်ရေးမို့
သွေးစည်းသကို။

လုပ်အားချွေး ရင်းတည်လို
ကိုင်းတခို တို့အများ။

တို့တတွေ မခိုတမ်း
ကြိုးပမ်းစို့လား။

မောင်ကြည်တင့်



## ရောဝတီ

ရောဝတီ မြစ်အစ
မေခ မလိခ။
ပင်မအားကို အခြေခံ
ရေကြောင်း စီးဆင်းပြန်။
တောင်ယံတွေတော့ ကွေ့ဝိုက်
မြေပြန့် အရောက်စီး။
ခရီးတလျှောက် အတွေ့စုံ
ညီနောင်အဖုံဖုံ။
ကြိုရောကျရော သူလက်တွဲ
မြောက်တောင် စီးဆင်းမြဲ။
ရက် လ နှစ်တွေ ဘယ်သို့ကြာ
လက်တွဲ မဖြုတ်ပါ။
ရောဝတီ အကိုကြီး
တို့များ တသွေးတည်း။

မောင်လှိုင်သွင် (အင်းစိန်)




ဝါတွင်း ပါရဂူ
ဦးဆိတ်ဖြူ
ဘောလုံး ကန်ပြီး လိုက်လိုက် ကောက်ရတာ တယ်မောတာဘဲ ဦးလေးဆိတ်ဖြူရဲ့
ဟောဒီ ငါတီထွင်ထားတဲ့ ကိရိယာကို ဘောလုံးမှာ ကပ် ပြီးတော့ ကန်စမ်း
ဟာ တယ်ဟုတ်ပါလား ဘောလုံးက အလိုလို ကျနော့်ဆီ ပြန်လာဘိခြင်းဗျ
အာဟမ်း
ဘောလုံးက ခြေရင်းကို ပြန်မလာဘဲ နဖူးတည့်တည့် ပြန်လာတာတော့ ဘယ် ကောင်းမလဲဗျ.. ဗိုး
ဒါတော့ မင်း ရေသာခို လွန်းတာကြီး.. လက်နဲ့ ဆီးဖမ်း ပါလား

# တေဇရုပ်စုံ သတင်းလွှာ

## အကပဒေသာ

၁၄-၁၂-၇၄။ ။မော်လမြိုင်မြို့ အထက (၈) ကျောင်းခန်းမဆောင်တွင် ကျင်းပသော စာဆိုတော်နေ့နှင့် ဆုပေးပွဲ အခမ်းအနားၝ မူလတန်း ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အက ပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

## အုတ်သယ်လုပ်အား

၂၁ ၁၂-၇၄။ ။ဒလမြို့အုံကြီးအရှေ့ရပ်ကွက်တွင် ကိုယ်ထူကိုယ်ထစံနစ်ဖြင့် ရပ်ကွက်လုပ်သားပြည်သူများ စုပေါင်းဆောက်လုပ်မည့် ကျပ်ငွေတသောင်းလေးထောင်တန် အစိုးရမူလတန်းကျောင်းဆောင်သစ်အတွက် လိုအပ်သော အုတ်များကို တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လမ်းစဉ်လူငယ်များ၊ ပါတီကောင်စီ၊ ရပ်ကွက် လုပ်သား ပြည်သူများနှင့်အတူ တေဇလူငယ်ကလေးများက ပါဝင်လုပ်အားပေး သယ်ယူခဲ့ကြသည်။

## ရိုးရာ အားကစား

၂၂-၁၂-၇၄။ ။ဒီဇင်ဘာ အားကစားလအဖြစ် ကျေးရွာလူထု စုပေါင်းအားကစားပွဲကို အင်းစိန်မြို့နယ် ဇီးကုန်းကျေးရွာ၌ ပြုလုပ်ရာ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာ အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

## ကျောင်းအတွက်အလှူ

၂၃-၁၂-၇၄။ ။မန္တလေးမြို့အမှတ် (၉) အထက ကျောင်းသား မောင်ဇော်ဟိန်း၊ မောင်ဉာဏ်သိန်း၊ မောင်မြင့်သိန်းတို့ ညီအကိုသုံးဦးက ကျောင်းအတွက် တိုင်ကပ်နာရီ တလုံးကို ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

## ရန်ပုံငွေရှာ

၂၅-၁၂-၇၄။ ။လှိုင်မြစ်တဖက်ကမ်းရှိ ညောင်ရွာ ပရဟိတမိဘမဲ့ကလေးများ ထိန်းသိမ်းရေးကျောင်းတွင် စိုက်ပျိုးထားသော သီးနှံပင်များကို ကျောင်းတွင်း ရန်ပုံငွေအတွက် ရောင်းချနိုင်ရန် ကျောင်းသားကျောင်းသူများက လုပ်အားပေး ခူးဆွတ်ခဲ့ကြသည်။

## ကမ္ဘာနှင့်ယှဉ်

၂၇ ၁၂-၇၄။ ။မြန်မာ့ရင်သွေးများ အကြိမ်ကြိမ် အောင်မြင်မှုရနေသော ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲများသို့ ပေးပို့ယှဉ်ပြိုင်မည့် ကလေးတို့၏လက်ရာ ပန်းချီကားများကိုဆက်လက်၍အောင်ပွဲဆင်နိုင်ရန် မန္တလေးတိုင်းပညာစစ်ဆေးရေးမှူးရုံးတွင် ရွေးချယ်စစ်ဆေးခဲ့သည်။

## တာဝန်သိ တေဇ

၃၀ ၁၂-၇၄။ ။ရန်ကုန်မြို့ ဟံသာဝတီလမ်းပေါ်တွင် လုယက်မှု ကျူးလွန်လေ့ရှိသူတဦးကို လုယက်မှုကျူးလွန်နေစဉ်အတွင်း ဖမ်းဆီးပေးသူ တေဇလူငယ်နှစ်ဦးအား ရပ်ကွက် ပြည်သူ့ကောင်စီအဖွဲ့ဝင်များက ဝေဠုဝန်မြောက်ရပ်ကွက် ပြည်သူ့ကောင်စီရုံးခန်းမ၌ ဂုဏ်ပြုပွဲတရပ် ကျင်းပခဲ့၏။

ဖြစ်ပွားပုံမှာ ၂၈-၁၂-၇၄ ရက်က လမ်းမတော် အထက (၁)မှ ကျောင်းဆရာမတဦးသည် ကိစ္စတခုဖြင့် ဟံသာဝတီလမ်းသို့သွားစဉ် သင်းချိုင်းဝင်ပေါက်ရှေ့တည့်တည့်အရောက်၌ ထိုဒေသ၌ လုယက်မှုကျူးလွန်လေ့ရှိသော ဟံသာဝတီလမ်း အမှတ် (၆၀) တွင်နေထိုင်သည့် မောင်မြင့်ဆိုသူက ဆေးလိပ်မီးတို့ဟန်ဆောင်၍ ဆရာမ၏ မျက်မှန်ကို ဖြုတ်ယူထွက်ပြေးသွား၏။


ထိုသို့လုယက်ထွက်ပြေးသွားသည်ကို တွေ့မြင်ရသည့် တေဇလူငယ်နှစ်ဦးက ရပ်ကွက်လူကြီးများကို အကူအညီတောင်းပြီး ထွက် ပြေး သွား သူ နောက်မှ ထပ်ကြပ်မကွာ လိုက်လံဖမ်းဆီးပေးခဲ့လေသည်။

ယင်းတေဇလူငယ်နှစ်ဦးမှာ စမ်းချောင်းမြို့နယ် စိန်မေရီ (၁) လမ်းမှ ဦးသာဝ၏သား မောင်ရဲမြင့်နှင့် ဦးသံချောင်း၏သား မောင်ဝင်းတင့်တို့ဖြစ်ကြ၏။


ဖေဖေမေမေပါသော ကျောင်းပြေး
အောင်မျိုးညွှန့်
တနေ့တွင် ကျော်ကျော် ကျောင်းမှ ပြန်လာရာ...
မေမြော် - သားတော် ပြန်လာပြီကိုး - ကဲ ကဲ ရေမိုးချိုး ထမင်းစားရအောင်
ကျော်ကျော် ထမင်းစား နေစဉ် ဖေဖေလည်း ပြန်ရောက်လာသည်။
ရှင်လဲ - သားနဲ့အတူ တခါထဲ ဝင်စားပါလား
မအား - နေပါဦးကွာ - ကျော် - ကျော်
ဖေဖေ့ ဦးခေါင်းတွင် ပေါက်ပြဲ နေလေသည်။
အဲ - ကျော်ကျော် ခလေးတွေ ရန်ဖြစ်နေ တာကို ဝင်ဖျန်ဖြေပေးရင်း ချော်လဲ လို့ကွ...အဲ
မှို... မအများကြီး ပါလား - ဘယ်လိုဖြစ် လာတာတုံး
ဖေဖေက ရှင်းပြလေသည်၊ "ဒို့လယ်က ဈေးချောင်းမှာ"
ဟင်! တိုမှာ ခလေးတွေ ရန်ဖြစ်နေကြ ပါလား...
ဟိုး... ဟိုအလင်္ကာရတို့ရဲ့ ခလေးဟာ သားနဲ့ တူလိုက်တာ၊ သားများဖြစ် နေမလား၊ ဟို - မဖြစ်နိုင်ပါဘူး - သားက ကျောင်းတက်နေတာဘဲ၊ အို - သားများ ကျောင်းပြေးပြီး ပြန်ရောက်လာလို့



ကလေးတွေကို မုန့်ပေးမလို့ ပြေးအသွား ခလုတ်တိုက်ပြီး-
အောင်မယ် လေးမ-
ဒါပေမယ့် ဦးခေါင်း ပြဲသွားတာကို ဂရုမစိုက်နိုင်သေးဘဲ
ဟေ့-ဟေ့-ကလေးတွေ-ရှိမှ ဖြစ်ကြမှာလေကွာ-လူကြီးတွေ မမြင်ကြမယ် ရှာကြွ-
ဒါပေမယ့် ကောင်လေးတယောက်ဟာ ခဲလုံးတလုံးကို ကောက်ပြီး-
ဟာ-သနားစရာ ကောင်လေး ခေါင်းကို ထိသွားပြီ-
ခဲနဲ့ထုတဲ့ ကောင်လေးတွေဟာ ထွက်ပြေးသွားကြတယ်.
အို-ဒါကြောင့်
ဖြစ်မှ ဖြစ်ရလေကွာ-လူကြီးတွေ မမြင်ကြမယ် ရှာမှာ မဖြစ်ဘူး-
ဆေးတိုက်မှာ ဆေးထိုးဆေးထည့်ပြီး မေးမြန်းကြည့်တော့မှ ကောင်လေးတွေဟာ ကျောင်းပြေးလေးတွေမှန်း သိရတော့တယ်-
မင်းတို့ လူယုတ်မာတွေလေ
မင်းတို့ ဘာဖြစ်လို့ ကျောင်းပြေးကြတာလဲကွ-၊ မိဘတွေကတော့ မင်းတို့ ကျောင်းမှာ ရောက်နေပြီ ထင်ပြီး စိတ်ချနေလိမ့်မယ်


ဟဲ..ဟဲ..ဦးလေးမင်းတို့ ဖိနပ်ကို လိုက်ပို့ပေးမယ်၊ မင်းတို့ နောက်ကို ကျောင်းမပြေးကြပါနဲ့ကွာ..နော်.
ဟုတ်ကဲ့ ဦးလေး
အား..ကျွတ်ကျွတ်.



ဗျိုင်းယုတ်မာနှင့်ပစ္စန်လိမ္မာ
လွန်လေပြီးသောအခါ..ရေအိုင်တစ်အိုင်ဝယ်.. နွေဥတုရောက်သဖြင့် ရေနည်းသောကြောင့် ငါးအပေါင်း အနေခက်လျက်ရှိလေသည်၊
ထိုအခါ ဗျိုင်းတစ်ကောင်သည် ငါးတို့ကိုစားလို၍ ရေအိုင်အနား၌ကြံ၍ ငြိမ်၍နေရာ..ငါးတစ်ကောင်က.. အဘယ်ကြောင့်ငြိမ်သနည်းဟု..မေးလေသည်၊
ဗျိုင်းက..ဤအိုင်၌ ရေခန်းလျှင် အဘွဲ့တို့အတွက် ပျက်စီးမည်ကိုမြင်၍ ငါငြိမ်ပါသည်၊ ငါ့စကားကို သင်တို့လိုက်နာကြလျှင် ရေပြည့်သော အိုင်ကြီး တစ်ခုသို့ ငါဆောင်ပို့ပါအံ့ 'ဟုပြော၏၊
ထိုအခါ ငါးတို့က ကမ္ဘာဦးကတစ်ခုနည်းက ငါးတို့ ချမ်းသာကိုဆောင်သည့်ဗျိုင်းမရှိ၊ သင်စားလို၍ ဆိုသည်မဟုတ်ပါလော' ဟု ဗျိုင်းအား မေးလေသည်၊
ဗျိုင်းက"မယုံလျှင်.. ငါနှင့်အတူ ငါးတစ်ကောင်ကို စေနှင့်လိုက်'ဟု ဆို၍.. ငါးများသည် ငါးနက်ကြီး တစ်ကောင်ကို ဗျိုင်းနှင့်အတူ ရေအိုင်ကြီးသို့ စေနှင့်လိုက်လေသည်.
ဗျိုင်းလည်း ငါးနက်ကြီးကိုချီ၍သွားပြီး ပြန်ဆောင်၍ ရေအိုင်ကြီးကိုပြပြီး ပြန်ခဲ့၏၊ ငါးနက်ကြီးသည်လည်း ရေပြည့်သောအိုင်ကြီး အကြောင်းကို အပေါင်းငါးများအား ပြန်ပြော၏၊



ငါးများသည် ဗျိုင်းအား ယုံကြည်လေရာ.. ဗျိုင်းသည်.. တကောင်စီ ဆောင်ယူ၍ ခံတက်ပင်၌ နား၍ ကိုက်သတ်ပြီးဖြင့် စားလေ၏၊



ရေအိုင်တွင် ငါးများကုန်၍.. ပုစွန်လုံး တခုသာ ကျန်ရာ.. ဗျိုင်းသည်..ထိုပုစွန်လုံးကို တမလို၍ ရေအိုင်သို့ ပို့အံ့ဟု ဆိုပြန်၏၊ ..



ပုစွန်လုံးက.. ငါ့လက်မနှင့် သင့်လည်ပင်းကို မြဲမြံစွာ ညှပ်၍ လိုက်ပါအံ့ဟု ဆိုရာ.. ဗျိုင်းက သဘောတူ၍ ပုစွန်လုံးဆိုသည့်အတိုင်း ဆောင်ယူခဲ့၏၊




ဗျိုင်းသည်.. ပုစွန်လုံးကို ရေသို့မချဘဲ ခံတက်ပင်တွင်နားရာ.. ပုစွန်လုံးက အဘယ်ကြောင့် ရေသို့မချသနည်းဟု မေး၏၊ ဗျိုင်းက.. သင့်ကို ငါစားလို၍ ရေတွင်မချခြင်းဖြစ်သည်ဟု ဆို၏၊



ထိုအခါ.. ပုစွန်လုံးက.. ငါ့ကို ရေသို့မချလျှင် သင့်ခေါင်းကို ဖြတ်စေအံ့ဟု ဆို၍ ညှပ်ရာ.. ဗျိုင်းထသည် ဝေဒနာမှ ကြောက်လန့်၍ ရေ၏ ပုစွန်လုံးကို ရေသို့ အမြန်ချလေ၏၊




ထိုသော်.. ပုစွန်လုံးသည်.. ဗျိုင်းယုတ်မာ၏ လည်ပင်းအား.. ကတ်ကြေးဖြင့် ကြာဆိုးကို ဖြတ်သကဲ့သို့.. ဖြတ်၍ ရေသို့ဆင်း သက်လေသတည်း၊


ဟိုဘက်အိမ်ကို လူသစ်တွေ ပြောင်းလာပါလား
ချိုတူးရေ-ငါအိမ်လယ်လာတယ်-ဟေ့
ဟာ-ပုရှုးပါလား-လာလာ
ဟဲ့တော့ - အဲဒီ ပေသီးဆိုတဲ့ကောင်လေး - ဟို အိမ်ကိုပြောင်းလာသလား - သူက ငါ့ကျောင်းက ကဲ-ချိုတူးရဲ့
ပုရှုးနဲ့ သိသလား-
သိတာပေါ့--- သိပ်ဆိုးတဲ့ကောင်လေး-သိလား သူ့ကြောင့်ကျလဲ မေမေ့နဲ့-သူ့နဲ့ လုံးမပေါင်းနဲ့- ကြားလား-ချိုတူး
ပုရှုးပြန်သွားသောအခါ--
ငါ့ကို အဲဒီ ပေသီးဆိုတဲ့ ကောင်လေး လာမိုးရန်စ ရင်·· ဒုက္ခပဲ···



သုံးရက်ခန့် ကြာသည်အထိ-ပေသီးသည် ချိတုံးကို လာ၍ ရန်မစ၊ ခဲ့ချေ"
ဟဲ့ခွေး
ဘကြီး-ဘကြီး-ငါ့ကိုမြား.....
တနေ့တွင်
ဘယ်သူပါလိမ့်
ဒေါက်
ဒေါက်
ဒေါက်
ဟိုက်-ပေသီးပါလား--ဧကန္တ---
ဘာကိစ္စလဲ--လူကြီးတွေမရှိဘူး---
ကျနော့် အမေက စားစရာ လက်ဆောင် ပေးခိုင်းလို့ပါ-ခင်ဗျား
ဒီကောင့်ကို-သိပ်မယုံရဘူး-အထုပ်ထဲမှာ မြွေအသေဖြစ်ဖြစ်-ဖါးဖြစ်ဖြစ် ထည့်ထားတာ ဖြစ်မှာပဲ-ငါ့ကိုလန့်သွားအောင် ဟင်း-ဟင်း
အွမ်
အယ်လေး
မယ်
အားမနာပါနဲ့ခင်ဗျာ- တော့ပါ ယူပါခင်ဗျာ-ယူပါ--


ဟေ့-ဟေ့-ငါ့ကို မထိနဲ့ မထိနဲ့
ဂွတ်
ဟာ-မုံ့ထုပ်ကျသွားပြီ-
ဘာဖြစ်တာလဲ
ဟာ-နာနတ်ယိုတွေပါလား
ဟ-မှားရော-နင်က ငါ့ကိုပြောတော့ ပေသီး ဟာ မယုံရဘူးဆို-အခုတော့ မုံ့ထုပ်ပေး တာ မယုံလို့ ဖျက်ချမိတာပေါ့-
အေး-အဲဒီတုန်းက ပေသီးနဲ့ငါနဲ့ မခေါ်လို့ ပြောတာပါ-အခုတော့ ခေါ်သွားပါပြီ-ပေသီးဟာ သိပ် စိတ်ကောင်းရှိပြီး-ခင်တတ်ပါ တယ်-ချိုတူးရဲ့
အေးကွာ-ပေသီးရေ--- ငါတောင်းပန်ပါတယ်ကွာ-- ငါ့ကိုခွင့်လွှတ်ပါ-
နောက်ကို-ငါတော့ ဘယ်သူပြောတာကိုမှ ယုံပြီး ဘယ်သူ့ကိုမှ သံသယ မထားတော့ဘူး- ကိုယ်တိုင် ပေါင်းကြည့်ပြီးမှ ယုံတော့မယ်-
ပြီး


မင်း နှင့် ပညာရှိ
ဇာတ်လမ်း
ဘကြီးသံချောင်း
သရုပ်ဖော်


အရွယ်ရောက်လတ်သော် ကုရုမင်းကြီးသည် သားတော်နှစ်ဦးအား သင်ကြားလိုသော အတတ်ပညာများကို ရွေးခိုင်းမေးမြန်းသည်။
သားတော်ကြီး မောင်ကုရဓမ ဘယ်လိုအတတ်ပညာမျိုးကို သင်ကြားလိုသလဲ။
သားတော်အနေနဲ့ ကုရုဂုဏ်အဖြစ် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ဖို့ကြောင်းပါ။ ဒါကြောင့် မင်းတို့တတ်အပ်သော အတတ်ပညာများကို ဆည်းပူးလိုပါတယ် ခမည်းတော်။
အင်း- သားတော်ကြီး မောင်ကုရဓမတော့ ကုရုနံ့သား ပီသပါပေတယ်။ ကိုင်း- သားတော် အငယ်ဖြစ်တဲ့ ပဏ္ဍုကလေး ဘယ်လိုအတတ်ပညာမျိုး သင်ကြားလိုသလဲ။
မှန်လှပါ- လောကတွင်မရှေ့မတွေ့နိုင်သော အတတ်ပညာများ ရှိကြပါတယ်။ ထိုအတတ်ပညာများကိုသာလျှင် သားတော်အချိန်ရှိသမျှ သင်ကြားလိုပါတယ် ခမည်းတော်။



အို - သားတော် - သင်ဟာ မင်းက မွေးတဲ့ မင်းလောင်းအစစ်ဖြစ်ပါလျက် အဘယ့်ကြောင့် သင်၏ နောင်တော်ကြီးလို မင်းအဖြစ်ကို မတောင့်တသနည်း၊
အို - ဘုန်းတော်ကြီးမြတ်သော၊ ဘခင်ဘုရင်မင်းမြတ်၊ သားတော်ဟာ မင်းကမွေးတဲ့ မင်းလောင်းအစစ်ဖြစ်ရပင် ကျွန်ုပ်သို့ မင်းအဖြစ်ကို ဂရုမစိုက်သော ပညာများကို စွန့်လွှတ်ထားသော ပညာအရပ်ကိုသာ သင်ကြားလိုခြင်းဖြစ်ပါတယ်၊
အင်း - သားတော်၏ လျှောက်တင်ချက်ဟာ အဓိပ္ပါယ်လေးနက်လှပါကလား
အို - ဦးပေါ် - သင်ဟာ ပေါ်ကြွယ်သည့်နှင့်အမျှ ပညာဉာဏ်လည်း ကြွယ်ဝလှပါပေတယ်
ခမည်းတော်မြတ်ဘုရား၊ ဦးပေါ်ဟာ မင်းအဖြစ်ကို လိုသော ကျွန်တော်မျိုးဖြစ်တဲ့ သားကြီးကို လွှမ်းမိုးနိုင်စေမည်ကို ကြိုတင်တွေးတောကျ၊ အတတ်ကို မလိုလားဘဲ တောင်ခြင်းသာ ဖြစ်ပါတယ်၊
အို - ဘခင်ဘုရင်မင်းမြတ်နှင့် နောင်တော်ကြီးဘုရား၊ သားတော်ဟာ နောင်တော်နောက်မှ ထီးနန်းဆက်ခံရမည်ကို ကြိုတင်မျှော်တွေးလျက် ကျမ်းဂန်ကို ဆည်းပူးခြင်း မဟုတ်ပါ၊ မင်းဖော်မွေးထားသော မင်းလောင်းပါသည့် သားတော်ဟာ ပညာကိုရှာချင်ခြင်း ဖြစ်ကြောင်းပါဘုရား၊


ဩ. ဒါတွေ ခမည်းတော် နားမလည်ဘူး။ သားတော်အနေနဲ့ မင်းအတတ်ကိုသာ သင်သင့်တယ်လို့ ခမည်းတော် ယူဆတယ်။ မင်းအတတ်ကို မသင်ဘူးဆိုရင် သားတော်ကို ထီးနန်းကိုင်မှာ စိုးစံခွင့် မပေးနိုင်ဘူး။
မင်းအဖြစ်ရမှာပေါ့၊ မင်းဖြစ်မယ့်သူပဲ။ မင်းအတတ်ကို တတ်ထားမှ ဖြစ်မယ်မဟုတ်လား။
မှန်ပါ— သားတော်အနေနဲ့ကတော့၊ မင်းအတတ်ကိုလုံးဝသင် လိုစိတ်မရှိကြောင်းပါ မယ်တော်
မင်းအတတ်ကို မသင်လို့ ထီးနန်းကိုင်မှာ စိုးစံခွင့်မပေးနိုင်ရင်လဲ မည်သို့မှ မတတ်နိုင်ကြောင်းပါ ခမည်းတော်။
ဪ— သားတော်ဟာ ထီးနန်းအတွင်း၊ မင်းမျိုးမင်းနွယ်မှ ပေါက်ဖွားလာပါလျက်၊ မင်းတို့တတ်အပ်သော အတတ်ပညာကို နှင့်ပယ်လိုသူဖြစ်တဲ့အတွက်၊ ထီးနန်းနဲ့မတန် ခုချက်ချင်း နန်းကိုင်မှ ခွာစေ —



အမိန့်တော်ပြင်းထန်လှချည့်ကလား မောင်တော်ဘုရား ဂုဏ်၊
ကြိမ်ဒဏ်ငွေးကို ဒွေ့လောက်တော် မရက်စက်..
တော် - တန် - တိတ် - မင်းတို့မသိသည့် ထွက်ပြီးသားဆင်ခြေ - ဝင်စားပ်ရှိ့မရှိ အူးသိတာမှမတော် တသိသား။
သားတော်ရယ် - ခမည်းတော်ဆန္ဒကို အလိုမှ ဖြင်းပယ်ရတာလဲကွယ်၊
သားတော်ကိုခွင့်လွှတ်ပါမယ်မိတော်၊ သားတော်စိတ်ထဲမှာမင်းအတော်ကိုလုံးဝသဘောကြောင့်စိတ်မရှိတောင်းပါ၊ ဒေါ်လောက်ကြီးမှာအနှံ့အကြောင်းရှိတဲ့အတော်ပညာအမျိုးမျိုးကိုသာသဘောကြောင်းလို့တဲ့ဆန္ဒရှိပါတယ်၊
အင်း - သားတော်ကို မယ်တော်ခွင့်လွှတ်ပါတယ်၊ သားတော်ကဲ့ရဲ့စိတ်ဆန္ဒပြည့်ဝပါစေလို့ မယ်တော် ဆုတောင်းလိုက်ပါတယ်၊ ကဲ - သွားပေတော့ သားတော် -


ကျွဲသိုးနှင့်သားတော်အင်ဖြစ်ပေတော့ပညာသည်နန်းတော်မှ
ထွက်ခွာပြီးတကောရွာတကော လှည့်လည်ရင်းတွေ့သမျှပညာ
များကိုဆည်းပူးလေ့လာပါသည်။ ထို့ကြောင့်ဘောင်ပညာ
သည်လယ်ကိုလည်း၊ ညက်ညောအောင်ထွန်ယက်တတ်ပါသည်
ယာကိုလည်းပေါင်းအောင်ထွန်ယက် တတ်ပါသည်။
လှေကိုလည်းလှော်ခတ်တတ်ပါသည်။
လှည်းကိုလည်းကျွမ်းကျင်စွာမောင်းနှင်တတ်၍ လှည်းတည်ဆောက်မှုအတတ်လည်းတတ်ပါသည်။


ထိုကြားမှ ဓါးပေမကျမ်းဂန်များကိုလည်း
ဆည်းပူးနေပါသည်။
ကျော်ဆိုနှင့် မဟော်ဓပညာအား ဂေါက်လေကာ အကျော်ကြားမျက်နှာတို့
မှ တိုင်းသူပြည်သားများက ချစ်ခင်ကြည်ညိုကြသည်။
ကျော်ဆိုသားပေါ်မဟော်ဓပညာ အတတ်ပညာများကိုလေ့လာ
ဆည်းပူးနေချိန်၌ နန်းတော်တွင်းမှ အကြိုးကြိုး ဖြစ်သူ
မောင်ကျရသည်၊ မင်းတို့ တတ်အပ်သော ပညာ တို့၌
ပြည့်စုံသော အချိန်သို့ ရောက်နေသည်။


ဤသို့မင်းအတတ်တို့၌ ပြည့်စုံလှသောနောင်တော်သည် ငယ်စဉ်ကပင် မင်းအဖြစ်ကို အလိုရှိခဲ့သူ ဖြစ်လျှက်နေ၍ တွင်၊ ခမည်းတော်ဘုရင်ကြီးအား၊ ထီးနန်းပေးရန် အတင်းတောင်းတော့သည်။
သားတော်ကြီးတောင်းဆိုတာကို ခမည်းတော်မငြင်းပယ်ပါဘူး။ ဒါပေမယ့် သားတော်ကထီးနန်း ရဖို့ နန်းဆင်းရတဲ့ အဖြစ်မရောက် သေး၊ ခမည်းတော်နတ်ရွာစံတဲ့ အချိန်ကျမှထီး..
ဟဲ့- မလိုချင်ဘူး။ မစောင့်နိုင်ဘူး။ ခမည်းတော်ကို တော်တော်နဲ့ နတ်ရွာစံမှာ မဟုတ်ဘူး။ ခုချက်ချင်း ထီးနန်းသာ အမြန်အပ်ပါ။
သားတော်ကြီးသည် ခမည်းတော် ဘုရင်ကြီးအား၊ ထီးနန်းမှ အတင်း အကြပ်ဆင်းစေ၍၊ တောထွက်စေခဲ့သည်။


သို့နှင့် သားတော်ကြီး မောင်ကုရုသည် မင်းအဖြစ်သို့ ရောက်ခဲ့သည် တနေ့တွင်..
ကျွန်ုပ်ရဲ့ညီတော် မောင်ပညာကို သတင်းများ ကြားမိကြရဲ့လား အမတ်ကြီးတို့။
ခွင့်လွှတ်ပါ မင်းကြီး။ ညီတော်ဟာ အခုမှ တနယ်ထင်ရှား လူတဲ့ ပညာရှင်ကြီး အဖြစ် ကျော်ကြားလျှက်ရှိ ကြောင်းပါဘုရား။ ကျွန်တော်တို့ ကြားသည်မှာ တိုင်းသူပြည်သားများကလည်း ချစ်ခင်လေးစား ကြပါတယ်ဘုရား။
ငါ့ရဲ့ညီတော်ဟာ ငယ်စဉ်ကပင် လိမ္မာရေးခြား သဖြင့် ကျွမ်းကျင်လှပေတယ်။ ကြားတဲ့သို့ တိုင်းသူပြည်သားများကချစ်ခင် လေးစားမှုရရှိတနေ့ ငါ့ရဲ့ထီးနန်းကိုလုယူမှာ စိုးရတယ်။ ညီတော်ကို အမြန်ဖမ်းမှဘဲ။
ထို့နောက် နောင်တော် ဘုရင်သည် ညီတော်ပညာ ရှင်အား ဖမ်းဆီး၍ ထောင် သွင်းအကျဉ်းချထားသည်။


နောင်တော်ဘုရင်က ညီတော်ပညာရှင်အား ဖမ်းဆီး ချုပ်နှောင်ခြင်းကြောင့်၊ ဂုဏ်းရှင်မှ တိုင်းသူပြည်သားအပေါင်း များ၊ စိတ်မချမ်းမြေ့ဖြစ်ကြရသည်။
ထိုနောက်မကြာမီတနေ့တွင်၊ တိုင်းပြည်အား ပြင်ပရန်သူများ ဝင်ရောက်တိုက်ခိုက် လေရာ—
မြို့တံခါး ကျိုးသွားပြီ— ပြေးကြဟေ့— ပြေးကြ—
ဘုန်း



တိုင်းသူပြည်သားများ၏အကြံဉာဏ်ရမှုကြောင့်နောင်
တော်ကျောင်းစစ်ရှုံးကာ၊ ဂုဏ်သရေဖြုတ်ချခြင်းခံရသည်
ဂုဏ်သူကျောင်းကိုဖမ်းမိပြီ၊
နိုင်ငံပြည်ကာကွယ်ရေးတော်
ပုဂ္ဂိုလ်များနှင့်ပညာရှင်တွေ
ကျွန်တော်တို့ပညာရှင်များ
ကိုပင်နေ့ရက်ကြီးကျရမည်
ငင်ဝေ-
စစ်ရှုံးကျောင်း၏ညီတော်မောင်ပညာအားရှာဖွေ၍
စစ်နိုင်ကျောင်းရှေ့တော်သို့ ခေါ်ငင်လာကြသည်၊
သင့်အဝေနေနဲ့၊ အကယ်ကြောင့်နောင်တော်
ကျောင်းကာကွယ်မှုမပါကြပါသနည်း၊
ကျွန်ုပ်ပါက ပေါ်စဉ်ကတည်းက ကြမ်းအဖြစ်ကို
ရှုံ့ကျနေ့တိုင်းခဲ့သူဖြစ်ပါတယ်၊ မင်းအဖြစ်ကား
စစ်နိုင်ကျောင်းကြီးမျှတွေမြင်ရတဲ့အတိုင်း၊ တစ်နေ့
သောအခါမှာဂုဏ်သူ၏ဖြစ်ပေါ်ခြင်းကို
ခံရပါ ထိုးနှန်းစွန့်ရပါတယ်၊
ကျွန်ုပ်သော အကြောင်းကြောင့်၊ ကျွန်ုပ်ပါက နောင်တော်
ကာကွယ်မှုစစ်မပါလိုပါဝင်ကျည်ခြင်းကင်းမဲ့ရှာ
ရောက်ရှားနေခြင်းဖြစ်ပါတယ်၊
အင်း-ပညာရှင်ကွာစကားကအင်မတန်မှတ်
သားနာယူဖွယ်ကောင်းပါကလား၊ ငါ့ကို
တစ်နေ့မှာဂုဏ်သူ့ရဲ့
ညွှန်းပြန်နိုင်စတ်
ခြင်းကိုခံရ
မှာကိုး၊





ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း၊ မြဝတီပုံနှိပ်တိုက် (၁၈၄၊ ၃၂-လမ်း၊ရန်ကုန်)တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူမှတ်ပုံတင်အမှတ် ၀၁၁၆၄)က တာဝန်ခံထုတ်ဝေ၍၊ အထွေထွေ စီမံခန့်ခွဲရေးမှူး ဦးခင်မောင်ထွန်း၊ (ပုံနှိပ်သူမှတ်ပုံတင်အမှတ် ၀၁၈၈၂)က ပုံနှိပ်သည်။ စောင်ရေ-၆၀၀၀၀
တယ်လီဖုန်း အယ်ဒီတာချုပ် ၁၈၅၁၀၊ အမှုဆောင်အယ်ဒီတာ ၁၄၆၅၅၊ အထွေထွေစီမံခန့်ခွဲရေးမှူး ၁၇၂၄၇။

# မောင်မယ်လေးတို့ အပျင်းပြေစခန်း


အောက်တွင်ရေးဆွဲထားသောပုံကလေးများကို ရေပါးနှင့်ထပ်ကူး၍ ကတ်ထူပြားပေါ်တွင်ကပ်ပြီး ကတ်ကြေးဖြင့် ညှပ်ပါ။





ပြီးလျှင် အောက်ဖော်ပြပါပုံများကဲ့သို့ဖြစ်အောင် အဆင့်ဆင့်တပ်ဆင်ပါ။




ခြေ၊ လက်ဆက်ရာတွင် ကြေးနန်းကြိုးငယ်ကို အသုံးပြုပါ။




တပ်ဆင်ပြီးလျှင် ဒုတ်တံကလေးကိုလက်နှင့် ဆော့ကစားပေးပါ။ တေရလေးတို့အပျင်းပြေအောင် အရုပ်လေးက ကျွမ်းထိုးပြပါလိမ့်မယ်----



မောင်ထေးစိန် နှင့် မောင်စိန်ထေး
တရွာထဲမှာ သူတို့မွေး။
မောင်စိန်ထေး က ခပ်ပိန်ပိန်
အကျင့် ခပ်လိမ်လိမ်။
မောင်ထေးစိန် က ခပ်ဝဝ
အကျင့် ခပ်ရွရွ။
ခဏခဏ ရွာထဲမှာ
နံမည်များလို့ လူများက
ပြောတာဆိုတာ ခံကြရ
ထေးစိန် စိန်ထေး အလှည့်ကျ။
ဒေါသဖြစ်ရ အကြိမ်ကြိမ်
နံမည်ပြောင်းဖို့ သူတို့ချိန်
ထေးစိန်က ပြောင်း မောင်ကျော်အေး
အရပ်ထဲမှာ လက်ဖက်ကျွေး။
စိန်ထေးကလဲ နံမည်သစ်
လက်ဖက်ကျွေးကာ အေးကျော်ဖြစ်
ကျော်အေး အေးကျော် ဓွေးလုံးရစ်
သူတို့ ဇာတ်လမ်း ဗလဗျစ်။
R497